Beautiful YUNNAN
၁၅-၂၁ ဒီဇင်ဘာ၊ ၂၀၁၅ Vol.34
HEADLINE
Yunnan Daily Press Group ရန်ကုန်တိုင်းမ်


# ကူ(မင်း)–ဘန်(ကောက်)လမ်းမကြီး–နယ်စပ်ကုန်သွယ်ရေးအား “အမြန်လမ်းမ” ပေါ်သို့ မောင်းနှင်စေနိုင်

လာအိုနိုင်ငံ ဝူးတောမူဆိုက်ပြည်နယ်မှ ရောက်ရှိလာကြသော ဧည့်သည် (၂၀)ဦးတို့သည်မော်ဟန်းစီးပွားရေးဖွံ့ဖြိုးမှုဇုန်ရှိ ရှင်းနုံဟင်းသီးဟင်းရွက်သမဝါယမအသင်း၌ အသစ်ပျိုးထောင်မွေးထုတ်ထားသော အထွက်ကောင်းခရမ်းချဉ်သီးနှင့် မိုးမျှော်ငရုတ်သီးများအပေါ် “လက်ညှိုးတငေါက်ငေါက်နှင့် ဝေဖန်သုံးသပ်”ကြသည်။ ထို့ထက်မကဘဲ လက်တွေ့မြည်းကြည့်ကြသေးသည် . . . ထိုသို့သော အခြေအနေမျိုးကို ဖြစ်ပေါ်လာရခြင်းသည်ကူ(မင်း)-ဘန်(ကောက်)နိုင်ငံတကာလမ်းမကြီးဖွင့်လှစ်ပြီးနောက် မော်ဟန်းစီးပွားရေးဖွံ့ဖြိုးမှုဇုန် စီမံခန့်ခွဲရေးကော်မတီနှင့် လာအိုနိုင်ငံဝူးတောမူဆိုင်ပြည်နယ် နှစ်ဖက်တို့မှ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၏ အကျိုးရလဒ်ပင်ဖြစ်သည်။ ဤသည်ကား နှစ်ဦးနှစ်ဖက်တို့က ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအရပ်ရပ်တို့ကို ဆောင်ရွက်ခဲ့သည့်ရုပ်ပုံချွန်းတစ်ခုလည်းဖြစ်သည်။

ကူ(မင်း)-ဘန်(ကောက်)လမ်းမ သတင်းထောက်အဖွဲ့သည် စစ်ဆောင်ပန်နားပြည်နယ်ခွဲအတွင်း ကျော်ကြားသောယဉ်ကျေးမှုလုပ်ငန်းရုံ၊ မော်ဟန်း၌ ရင်းနှီးမြှုပ်နှံပြီး ကျော်ကြားသည့် စီးပွားရေးလုပ်ငန်းများနှင့် လာအိုဝူးတောမူဆိုက်ပြည်နယ်မှ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းခဲ့ကြသည်။ အများတို့သည် ကူ(မင်း)-ဘန်(ကောက်) နိုင်ငံတကာလမ်းမကြီး၏ ဖွံ့ဖြိုးမှုအလားအလာအတွက် ယုံကြည်စိတ်အပြည့်ဖြင့် မျှော်မှန်းနေကြသည်။ တရုတ်-လာအို-ထိုင်း ရထားလမ်းဆောက်လုပ်ရေး စသည့်သတင်းကောင်း ပျံ့နှံ့လာသည့်နှင့်အမျှ ၎င်းတို့ကို မော်ဟန်း၌ ရင်းနှီးမြှုပ်နှံစေမည့် ဆန္ဒပိုမိုပြင်းပြလာတော့သည်။ အားလုံးတို့ကကူ(မင်း)-ဘန်(ကောက်)နိုင်ငံတကာလမ်းမကြီးကိုအမှီပြုပြီး အစိုးရပိုင်းနှင့် အရပ်ပိုင်းမှနေ၍ ယဉ်ကျေးမှု၊ ကုန်စည်စီးဆင်းရေး၊ ကုန်သွယ်ရေး၊ ခရီးသွားရေးကဏ္ဍများတွင် ဖလှယ်ကြပြီး နှစ်ဦးနှစ်ဖက်တို့၏ ပူးပေါင်းဆောင်ရွက်ရေးအဆင့်အတန်းပိုမိုတိုးမြှင့်သွားရန် ဆန္ဒရှိကြသည်။

# လမ်းမကြီးကို အမှီပြု၍ တိုင်းရင်းသားအနုပညာလက်ရာများကို ဖလှယ်

စစ်ဆောင်ပန်နား အသက်မွေးဝမ်းကျောင်း အတတ်ပညာကောလိပ် တိုင်(လူမျိုး) မြေထည်စမ်းသပ်မှု စခန်းထဲဝင်ရောက်သည်နှင့် သတင်းထောက်များ၏ မျက်စိရှေ့တွင် တိုင်မြေထည်များဖြင့် ထုတ်လုပ်ထားသော လက်ဖက်အိုး၊ မီးသီးခွက်၊ ပန်းအိုး၊ ပန်းကန်စသည့် မြေထည်ပစ္စည်းများကို တွေ့ရသည်။ ကြည့်ရသည်မှာ ရိုးရှင်းသော်လည်း တိုင်တိုင်းရင်းသားလူမျိုးများ၏ မူလအလှကို ပျံ့နေသည်။ “နောင်မှာကျွန်တော်တို့က ထိုင်းနိုင်ငံချင်းမိုင်မှာ ဆိုင်ဖွင့်မယ်”ဟု ယင်းလုပ်ငန်းရုံးမှ အဓိကတီထွင်သူ၊ စစ်ဆောင်ပန်နားအသက်မွေးဝမ်းကျောင်း အတတ်ပညာကောလိပ်မှ ကျောင်းဆရာချိုးယီစိန်က ခိုင်မာစွာပြောသည်။ ယခုနှစ်အတွင်းချိုးယီစိန်နှင့် ၎င်း၏အဖွဲ့သည် ရိုးရာယဉ်ကျေးမှုနှင့် ခေတ်မီအတတ်ပညာချင်း ပေါင်းစပ်ထားပြီး တိုင်မြေထည်အသစ်ကို တီထွင်ခဲ့ရာ လောကပိုင်း၏ ဂရုပြုခံရသည်။ ချိုးရီစိန်သည် ဖိတ်ကြားချက်အရ ထိုင်းစသည့် အာဆီယံနိုင်ငံများသို့သွား ရောက်၍ တိုင်မြေထည်ပြုလုပ်မှုအတတ်ပညာ ဖလှယ်ခဲ့သည်။ ထူးကဲသော တီထွင်မှုအတွေးအခေါ်နှင့် တိုင်မြေထည်ပြုလုပ်ရေးအတတ်သည် ပိုများသောအရှေ့တောင်အာရှမှ သုံးစွဲသူကတ်စတန်မာများကို စွဲလမ်းလာတော့သည်။

ချိုးယီစိန်၏ မိတ်ဆက်ခြင်းအရ လက်ရှိတွင် ၎င်းအဖွဲ့မှ စမ်းသပ်ထုတ်လုပ်ထားသော တိုင်မြေထည်ကိရိယာများသည် ကူ(မင်း)-ဘန်(ကောက်)နိုင်ငံတကာလမ်းမအတိုင်း မြောက်ဘက်သို့ ဦးတည်၍ ချီတက်ကာပေကျင်း၊ တာ့လျန်စသည့်မြို့များတွင် အထူးအနှစ်သက်ခံရကြောင်း၊ အဓိကအားဖြင့် အဆင့်မြင့်တိုက်ခန်း၊ အိမ်ရာများ၏အလှဆင်မွမ်းမံခြင်းတွင်အသုံးပြုလျက်ရှိကြောင်း၊ သို့သော် ကုန်ထုတ်နိုင်စွမ်းအားနည်းသဖြင့် ဝယ်လိုအား အမှီမလိုက်နိုင်သေးကြောင်း သိရသည်။ ချိုးယီစိန်က “ကျွန်တော်တို့ဟာ ကျေးရွာများမှာ မြေထည်ပြုနည်းကို ပြည်သူလူထုများအား ပြန့်ပွားပေးပြီး ရွာရွာချင်း ဆက်ခံသင်ကြားစေပါတယ်။ ဒီလိုလုပ်ရခြင်းအားဖြင့် မြေထည်ထုတ်လုပ်မှုအတတ်ကို စစ်ဆောင်ပန်နားရှိ နေရာအနှံ့မှာ အောင်သီးအောင်ပန်းရရှိနိုင်ပါ့မယ်”ဟု ယုံကြည်ချက်ရှိရှိနှင့် ပြောကြားရင်း “ကျွန်တော်တို့မှာ အတတ်ပညာအရ ကုန်ပစ္စည်းများအပေါ် အားသာတဲ့အပြင် ယဉ်ကျေးမှုအရလည်း ဆက်နွှယ်နေတာမို့ အနာဂတ်မှာအောင်မြင်မှုအများကြီးရရှိနိုင်လိမ့်မယ်”ဟုပြောသည်။


စစ်ဆောင်ပန်နား တိုင်မြေထည်စမ်းသပ်စခန်းမှ ထုတ်လုပ်ထားသော တိုင်မြေထည်ပစ္စည်းများကို တွေ့ရစဉ်

# ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းများ “အခွင့်ကောင်းယူခြင်း” ဦးမော့လျက်ရှိ

ကူ(မင်း) - ဘန်(ကောက်) နိုင်ငံတကာလမ်းမကြီးဖွင့်လှစ်ပြီးနောက်(၇)နှစ်ကြာ အဆက်မပြတ် အဆင့်မြှင့်တင်ခြင်းအားဖြင့် မော်ဟန်း၌ ရင်းနှီးမြှုပ်နှံနေသည့် စီးပွားရေးလုပ်ငန်းများအတွက် ရတောင့်ရခဲသော အခွင့်အလမ်းများ ဆောင်ကြဉ်းပေးခဲ့သည်။ ကူ(မင်း)-ဘန်(ကောက်) နိုင်ငံတကာလမ်းမကြီးနှင့် နီးကပ်စွာတည်ရှိနေသော စစ်ဆောင်ပန်နားကျုံးကျင့်ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီလီမိတက်သည် ကူမင်းမြို့ရှိ စီးပွားရေးလုပ်ငန်းမှ ရင်းနှီးမြှုပ်နှံထားသောကုမ္ပဏီတစ်ခုဖြစ်သည်။ ယင်းကုမ္ပဏီလက်အောက်မှ မော်ဟန်းကျုံးဟွေစီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲရေးစင်တာလက်ထောက် အထွေထွေမန်နေဂျာဖြစ်သူ ကျိန်းယုံ၏ မိတ်ဆက်ခြင်းအရ ပင်မကုမ္ပဏီသည် ကူမင်းမြို့တွင် အိမ်ရာခြံမြေဖွံ့ဖြိုးသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ ကုမ္ပဏီ၏လုပ်ငန်းကို ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်စေရန် လက်အောက်ခံကုမ္ပဏီသည်မော်ဟန်းသို့ရောက်ရှိလာပြီးလုပ်ငန်းများလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကူ(မင်း)-ဘန်(ကောက်)နိုင်ငံတကာလမ်းမကြီး၏ ဖွင့်လှစ်ခြင်းသည် ကုမ္ပဏီသစ်အတွက် ကြီးမားသောစီးပွားရေးအခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။


ဖူးလ်မြို့စစ်မောင်မြို့နယ်၊ မန်လျန်ရပ်ကွက်၊ တာ့ဟွမ်းတိရွာမှ ရွာသူရွာသားများက လက်ဖက်တောင်တွင် လက်ဖက်ခူးနေစဉ်

ကူ(မင်း)-ဘန်(ကောက်) နိုင်ငံတကာလမ်းမကြီးအဆက်မပြတ်အဆင့်မြှင့်တင်ခြင်းသည် စစ်ဆောင်ပန်နားကျုံးကျင့်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်အတွက် အခွင့်အလမ်းအသစ်နှင့်ထပ်မံကြုံတွေ့ရသည်။ လောလောဆယ် ယင်းကုမ္ပဏီသည် မော်ဟန်းကျုံးဟွေနိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးနှင့်ကုန်စည်စီးဆင်းရေးစင်တာကို တက်ကြွစွာတည်ဆောက်နေဆဲဖြစ်သည်။ ယင်းစီမံကိန်း၏ ဧရိယာအကျယ်အဝန်းသည် စတုရန်းမီတာ(၂)သိန်းနီးပါးရှိပြီး စီမံထားသောဆောက်လုပ်ရေးဧရိယာအကျယ်အဝန်းမှာ စုစုပေါင်းစတုရန်းမီတာ (၁. ၅၅)သိန်း ရှိသည်။ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေး၊ ကုန်စည်စီးဆင်းရေးနှင့်ကုန်သွယ်ရေးဝန်ဆောင်မှုများဖြင့် တစ်ပါတည်းအစုံလိုက်စေသော ကုန်စည်စီးဆင်းရေးစင်တာကို စတင်အသုံးပြုပြီးဖြစ်သည်။ ကျိန်းယုံက “အခုကူးသန်းရောင်းဝယ်ရေးစင်တာဟာ ထိုင်းနိုင်ငံနှင့် ကူမင်းမြို့တို့မှ ကုန်ပဒေသာတိုက် များကို ဆွဲဆောင်နေပြီး နောင်မှာ ပိုများတဲ့အာဆီယံနိုင်ငံများမှ ကုမ္ပဏီများပါဝင်လာမယ်လို့ ယုံကြည်ပါတယ်” ဟု မိတ်ဆက်ရှင်းလင်းလိုက်သည်။

တရုတ်-လာအို ရထားလမ်းဆောက်လုပ်မည့်သတင်းသည် ပိုများသောစီးပွားရေးလုပ်ငန်းများကို ယုံကြည်ချက်ရှိရှိနှင့် နေတော့သည်။ ထိုင်းစသည့် အာဆီယံနိုင်ငံများသည် အပူပိုင်းဇုန်သစ်သီးဝလံပေါများစွာ ထွက်ရှိလျက်ရှိသည်။ တစ်ချိန်တည်းတွင် ထိုင်းနိုင်ငံသည် ကမ္ဘာ့တွင် ဒုတိယပင်လယ်ကုန်တင်ပို့သည့်နိုင်ငံလည်းဖြစ်သည်။ ကျုံးကျင့် ကုန်စည်စီးဆင်းရေးလုပ်ငန်းသည် မော်ဟန်းတွင် ပြည်ပမှတင်သွင်းသောသစ်သီး၊ အေးခဲပင်လယ်စာကုန်စည်စီးဆင်းရေးစင်တာ၊ နယ်စပ်ဖြတ်ကျော်အမြန်ချောပို့စင်တာစသည့် ကုန်စည်စီးဆင်းရေးစင်တာများကိုဆောက်လုပ်ရန် စီမံလျက်ရှိသည်။စီမံကိန်းဆောက်လုပ်ပြီးစီးပါက နှစ်စဉ်ရောင်းချမှုပမာဏစုစုပေါင်း ယွမ် ၁ ဘီလီယံကျော် ဖော်ဆောင်နိုင်မည်ဟု ခန့်မှန်းထားသည်။

သတင်းထောက်-လီဟုန်ဖုန်း၊ လီကျိစိန်း၊ ရွှေယန့်

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝဂ်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn